DENVER PUBLIC SCHOOLS
Discover a World of Opportunity™

# အကဲဖြတ်စစ်ဆေးမှုများနှင့်ပတ်သက်၍ မိဘများအတွက် လမ်းညွှန်

*၂၀၁၈-၁၉ ပညာသင်နှစ်*

## SAT( ပညာရေးဆိုင်ရာ ပင်ကိုယ်စွမ်းရည်အား စစ်ဆေးမှု)

ဆန်းစစ်အကဲဖြတ်မှုများသည် အတန်းအဆင့်နှင့် ကျောင်းသားကျောင်းသူများတွင်ရှိရမည့် ဗဟုသုတနှင့် အတတ်ပညာစံနှုန်းများကို အောင်မြင်နဲ့စပ်မှုရှိမရှိ သော်လည်းကောင်း၊ ၂၁ ရာစုအတွက် ပြင်ဆင်ထားပြီးဖြစ်၍ အထက်တန်းကျောင်းအောင်မြင်ရန် လမ်းကြောင်းပေါ်တွင်ရောက်ရှိနေမှုရှိမရှိတို့နှင့်စပ်လျဉ်းပြီး ကျောင်းသားကျောင်းသူများ၊ မိဘများနှင့် ဆရာဆရာမများကို တန်ဖိုးရှိသည့် အချက်အလက်များ ရရှိစေပါသည်။ ယင်းဆန်းစစ်အကဲဖြတ်စစ်ဆေးမှုရလဒ်များဖြင့် သင့်ကလေး၏ ပညာရေးပိုင်းတိုးတက်မှုရှိမရှိကို သိသာစေမည့် သက်သေခံကိုယ်ထည်တစ်ခုအား တိုင်းတာရန် ရည်ရွယ်သည်။

## ဤအကဲဖြတ်စစ်ဆေးမှုဆိုသည်မှာ အဘယ်နည်း။

ပညာရေးဆိုင်ရာ ပင်ကိုစွမ်းရည်အား စစ်ဆေးမှု ဖြစ်သော SAT စစ်ဆေးမှုသည် ကိုလိုရာဒိုပြည်နယ်ရှိ ၁၁ တန်းကျောင်းသူ ကျောင်းသားများအားလုံး ဖြေဆိုရမည့် ပြည်နယ်၏ အရေးပါသည့် တိုးတက်ခြင်းဆိုင်ရာအကဲဖြတ်စစ်ဆေးမှုတစ်ခု ဖြစ်သည်။ ကောလိပ်ဘုတ်အဖွဲ့မှ ပြုလုပ်ပြီး SAT စစ်ဆေးမှုသည် ကျောင်းသူကျောင်းသား၏ ၁၁ တန်းရှိ ပညာရေးတိုးတက်မှုကို တိုင်းတာပေးပြီး သူ/သူမ၏ ကောလိပ်နှင့် အသက်မွေးဝမ်းကြောင်းအတွက် အဆင်သင့်ဖြစ်မှု အတိုင်းအတာကို စစ်ဆေးအကဲဖြတ်ပေးသည်။ SAT ကို ကောလိပ်များနှင့် တက္ကသိုလ်အများစုမှ ကျောင်းဝင်ခွင့်နှင့် ပညာသင်ဆုဆိုင်ရာ အခွင့်အလမ်းများကို ဆုံးဖြတ်ရန်အတွက် အသုံးပြုသည်။

နွေဦးရာသီတိုင်းတွင် ကိုလိုရာဒို ပြည်နယ်မှ ၁၁ တန်းကျောင်းသူ/သားများသည် SAT နှင့် CMAS သိပ္ပံ၊ လူမှုရေးရာဘာသာရပ်များကို စစ်ဆေးမှု ခံယူကြရသည်။ အောက်တွင်ဖော်ပြထားသည်မှာ အတန်းအလိုက် ပြည်နယ်စစ်ဆေးအကဲဖြတ်မှုများကို ပြထားသော ဇယားတစ်ခု ဖြစ်ပါသည်။

| | |
|---|---|
| ၃- ၈ တန်း | CMAS (ပညာရေးပိုင်းအောင်မြင်မှုအား ကိုလိုရာဒိုစံနှုန်းဖြင့် တိုင်းတာစစ်ဆေးမှု) |
| ၉ တန်း | ပညာရေးဆိုင်ရာပင်ကိုစွမ်းရည်အားပဏာမစစ်ဆေးမှု |
| ၁၀ တန်း | ပညာရေးဆိုင်ရာပင်ကိုစွမ်းရည်အားပဏာမစစ်ဆေးမှု |
| ၁၁ တန်း | SAT ၊ CMAS သိပ္ပံ၊ CMAS လူမှုရေးဘာသာ |

## ကျွန်ုပ်၏ကလေးအား မည်သည့်အချိန်တွင် စစ်ဆေးမှုပြုမည်နည်း။

SAT စစ်ဆေးမှုကို ဧပြီလတွင် ခဲတံ/စာရွက်အသုံးပြုသည့်ပုံစံဖြင့် ဖြေဆိုကြရမည်။ စစ်ဆေးမှုသည် ၃ နာရီခန့်ကြာမြင့်မည် ဖြစ်ပြီး ရွေးချယ်နိုင်သော မိနစ် ၅၀ ကြာအက်ဆေးရေးသားမှု တစ်ခု ပါဝင်သည်။ သင့်ကလေးအား စစ်ဆေးမည့်ရက်ကို အတိကျသိရှိရန် သင့်ကလေးကျောင်းအား ဆက်သွယ်ပါ။

ရွေးချယ်နိုင်သည့် အက်ဆေးရေးသားမှုသည် ကောလိပ်နှင့်တက္ကသိုလ်များအားလုံးမှ တောင်းဆိုမည်မဟုတ်သော်လည်း အချို့ကောလိပ်နှင့် တက္ကသိုလ်များက တောင်းဆိုနိုင်သည်။ ကျောင်းသူကျောင်းသားများနှင့် မိသားစုများအား မိမိတို့ ပိုမိုနှစ်သက်သော တက္ကသိုလ်များသည် ရွေးချယ်နိုင်သော အက်ဆေးရေးသားခြင်းကို တောင်းဆိုမှုရှိမရှိကို စုံစမ်းထားရန် တိုက်တွန်းလိုပါသည်။ ကျောင်းသူ/သားများသည် အက်ဆေးရေးသားခြင်းမှ အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်-

- ကျောင်းသူ/သား၏ ကောလိပ်လျှောက်ထားမှုကို အားကောင်းစေသည်။
- ကျောင်းသူ/သားအား မိမိ၏ အရေးအသားကျွမ်းကျင်မှုကို နားလည်သဘောပေါက်စေရန် အထောက်အကူပြုစေနိုင်သည်။

## ကျွန်ုပ်ကလေးမှ မည်သည့် ရမှတ်(များ)ကို ရရှိမည်နည်း။

ကျောင်းသူ/သားများသည် ရမှတ် ၄၀၀ မှ ၁၆၀၀ အတွင်း ရရှိနိုင်သည်။ ဤရမှတ်များသည် ကျောင်းသူ/သား၏ သင်္ချာ၊ အဖတ်နှင့် အရေးကဏ္ဍများရှိ တိုးတက်မှုများကို ပေါင်းစပ်ထားသည့် ရမှတ်ကို ကိုယ်စားပြုသည်။ ကျောင်းသူ/သားတစ်ဦး၏ SAT စစ်ဆေးမှုမှ ရရှိသော စွမ်းဆောင်ရည် အဆင့်ကို ကျောင်းသူ/သား၏ အထက်တန်းကျောင်း ပညာရေးမှတ်တမ်းတွင် ထည့်သွင်းဖော်ပြမည်ဖြစ်သည်။

## ယင်းရမှတ်များအား မည်သို့ အသုံးပြုမည်နည်း။

ဤရမှတ်များကို ကောလိပ်များနှင့် တက္ကသိုလ်အများစုမှ ကျောင်းဝင်ခွင့်နှင့် ပညာသင်ဆုဆိုင်ရာ အခွင့်အလမ်းများကို ဆုံးဖြတ်ရန် ရည်ရွယ်ချက်များအတွက် အသုံးပြုသည်။

## ? နောက်ထပ်အချက်အလက်များ လိုအပ်ပါသလား

သင့်ကလေးပညာရေးတွင် ပါဝင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့မှ သင့်အား တိုက်တွန်းလိုပါသည်။ သင့်ကလေးအား အိမ်တွင်အထောက်အကူပြုပေးနိုင်မည့် နည်းလမ်းများသိရှိလိုလျှင်ဖြစ်စေ၊ မသန်စွမ်းမှုအတွက် စစ်ဆေးမှုဆိုင်ရာ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ပေးမှုများ ရရှိနိုင်မှုတို့အကြောင်း သိရှိလိုလျှင်ဖြစ်စေ သင့်ကလေးဆရာနှင့် ဆွေးနွေးရန် မတုံ့ဆိုင်းပါနှင့်။

**နောက်ထပ်အချက်လက်များ- စံနှုန်းများနှင့် စစ်ဆေးအကဲဖြတ်မှုများ**

ကြည့်ရှုရန်-

- http://assessments.dpsk12.org
- http://parents.collegeboard.org

**အရင်းအမြစ်များ- PSAT နှင့် SAT**

SAT အသစ်အတွက် နေ့စဉ်လေ့ကျင့်ခန်း| ကောလိပ်ဘုတ်အဖွဲ့

- နေ့စဉ် နမူနာမေးခွန်းများရရှိနိုင်ပြီး ချက်ချင်းတုံ့ပြန်မှုများ ရရှိနိုင်သည်
- ကျောင်းသူ/သားများအား ပုံမှန်လေ့ကျင့်မှု ရစေနိုင်သည်။
- ကျောင်းသူ/သားများသည် PSAT သို့မဟုတ် SAT အစမ်းစစ်ဆေးမှုလေ့ကျင့်ခန်းများကို ပုံနှိပ်ထားသော အဖြေစာရွက်များသုံး၍ ဖြေဆိုနိုင်သည်။ ပြီးလျှင် ဓာတ်ပုံရိုက်၍ စကန်ဖတ်ပြီး ရမှတ်ယူပါ ဆိုသည့် လုပ်ဆောင်ချက်ကို အသုံးပြုပါ။

SAT တရားဝင် လေ့ကျင့်ခန်း | Khan အကယ်ဒမီ

- ကျောင်းသူ/သားများသည် အကောင့်တစ်ခု ပြုလုပ်၍ မိမိတို့၏ PSAT နှင့် SAT ရမှတ်များပေါ် အခြေခံ၍ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သည့် ကဏ္ဍများအတွက် သီးသန့်အကြံပြုချက်များကို ရယူနိုင်ပါသည်။
- စစ်ဆေးမှု၏ သက်ဆိုင်ရာ ကဏ္ဍများကိုရည်ရွယ်သော အချိန်ပြည့်အစမ်းစစ်ဆေးမှု လေ့ကျင့်ခန်းများ၊ ထူးခြားသော ဉာဏ်စမ်းမေးခွန်းများ၊ နေ့စဉ်လေ့ကျင့်ခန်းမေးခွန်းများနှင့် ပြင်ဆင်လေ့ကျင့်နိုင်မည့် ရင်းမြစ်များကို Khan အကယ်ဒမီ ဝက်ဘ်ဆိုက်တွင် အခမဲ့ ရယူနိုင်ပါသည်- https://www.khanacademy.org/mission/sat

PSAT လေ့ကျင့်ခန်း | ယောက်ျားလေး၊ မိန်းကလေးအသင်း

- ကျွန်ုပ်တို့သည် ဝင်ငွေနည်း ကျောင်းသူ/သားများအား အွန်လိုင်း SAT နှင့် PSAT ရင်းမြစ်များနှင့် ချိတ်ဆက်ပေးရန် ယောက်ျားလေး၊ မိန်းကလေးအသင်းနှင့် ပူးပေါင်းထားပါသည်။

စစ်ဆေးမှုများနှင့်စပ်လျဉ်းပြီး သင့်တွင် မေးခွန်းများ သို့မဟုတ် စိုးရိမ်စရာများရှိပါက သင့်ကလေးကျောင်းသို့ တိုက်ရိုက် ဆက်သွယ်ပါ သို့မဟုတ် (၇၂၀) ၄၂၃-၃၀၅၄ သို့ခေါ်ဆိုပြီး မိသားစုများအတွက် ပညာရေးဆိုင်ရာဝန်ဆောင်မှုဌာန သို့ဆက်သွယ်ပါ။